STATE OF NEW YORK
OFFICE OF THE ATTORNEY GENERAL

NEW YORK STATE EDUCATION DEPARTMENT
THE UNIVERSITY OF THE STATE OF NEW YORK

ERIC T. SCHNEIDERMAN
တရားရေးရှေ့နေ

MARYELLEN ELIA
ပညာရေး ကော်မရှင်နာ
နယူးယောက်ပြည်နယ် တက္ကသိုလ်

ဖေဖော်ဝါရီ ၂၇၊ ၂၀၁၇

ပြည်ထောင်စု အစိုးရ ဝန်ထမ်းများ၏ လတ်တလော ပြောင်းရွှေ့အခြေချနေထိုင်သူများဆိုင်ရာ ဆောင်ရွက်ချက်များ ကြောင့် နိုင်ငံအဝှမ်းတွင် ကြောက်ရွံ့ထိတ်လန့်မှုများ ဖြစ်ပေါ်လျက် ရှိပါသည်။ ကျွန်ုပ်တို့၏ အေဂျင်စီများနှင့် နယူးယောက်မြို့တော် အုပ်ချုပ်ရေး ကိုယ်စားလှယ်များမှ နယူးယောက်မြို့တော်သားများအတွက် အမှုထမ်းရန် ရည်သန်ပြီး ဖြစ်သည့်အတိုင်း မြို့တော်သားများမှလည်း ယင်းတို့ ခံစားနေရသည့် ပူပင်ကြောင့်ကြမှုများနှင့် မေးခွန်းများကို ကျွန်ုပ်တို့ အေဂျင်စီများသို့ တိုက်ရိုက်ဆက်သွယ် မေးမြန်း လာပါသည်။ နယူးယောက်ပြည်နယ် ဥပဒေအကြံပေးရုံး (“OAG”) နှင့် နယူးယောက်ပြည်နယ် ပညာရေးဌာန (“SED”) မှ ကျွန်ုပ်တို့၏ ကျောင်းများသည် ကျောင်းသားအားလုံး ပညာသင်ကြားနိုင်သည့် အေးချမ်းသည့် ရိပ်မြုံအဖြစ် ဆက်လက် တည်ရှိနေမည်ဖြစ်ကြောင်း နယူးယောက် ပြည်နယ် တစ်ဝှမ်းရှိ ကျောင်းသားများ၊ ကျောင်းများ၊ မိသားစုများနှင့် လူ့အဖွဲ့အစည်းများထံ ဤစာဖြင့် ထပ်မံအတည်ပြု ပြောကြားလိုပါသည်။

နယူးယောက် ပြည်နယ် ပညာရေး ဥပဒေအရ အသက် ငါးနှစ် အထက်နှင့် ၂၁ နှစ်အောက်ဖြစ်ပြီး အထက်တန်းကျောင်း အောင် လက်မှတ် မရှိသေးသော ကလေးများသည် မိမိတို့နေထိုင်ရာ မြို့နယ်တွင်းရှိ အစိုးရ စာသင်ကျောင်းများတွင် ကျောင်းလခပေးစရာ မလိုပဲ ကျောင်းတက်နိုင်ပါသည်။ ထို့အပြင် မြို့နယ် ကျောင်းများအနေဖြင့်လည်း ကျောင်းနေအရွယ် ကလေးတိုင်း ကျောင်းချိန်ပြည့် တက်နိုင်ရေးကို အာမခံ စီစဉ်ပေးရမည် ဖြစ်ပါသည်။[1] **<u>စာရွက်စာတမ်း အထောက်အထား မရှိသေးသည့် ကလေးများသည်လည်း ပြည်နယ် ဥပဒေ ဖော်ပြချက်များပါ အသက်နှင့်နေထိုင်ခွင့် လိုအပ်ချက်များ ပြည့်မီပါက အမေရိကန် နိုင်ငံသား ကလေးများနည်းတူ ကျောင်းချိန်ပြည့် တက်ရောက်ခွင့် ရှိပါသည်။</u>** အမေရိကန်ပြည်ထောင်စု တရားရုံးချုပ်မှ လွန်ခဲ့သည့် ဆယ်စုနှစ်များတုန်းက *Pyler v. Doe* တွင် စီရင်ခဲ့သည့်အတိုင်း မြို့နယ်ကျောင်းများသည် ကျောင်းသားများအား ယင်းတို့ ကိုယ်တိုင်၏ သို့မဟုတ် ယင်းတို့မိဘများ၊ အုပ်ထိန်းသူများ၏ စာရွက်စာတမ်း အထောက်အထား မပြည့်စုံခြင်း၊ နိုင်ငံသား မဟုတ်ခြင်းတို့ကြောင့် အခမဲ့ပညာရေး သင်ကြားခွင့်ကို ငြင်းပယ် မခံရနိုင်ပါ။[2]

သို့ဖြစ်သောကြောင့် OAG/SED မှ မြို့နယ် ကျောင်းများအား ပေးသည့် ညွှန်ကြားချက်များထဲတွင် စာရွက်စာတမ်း အထောက်အထား မရှိသေးသည့် ကလေးများ၏ အခွင့်အရေးကို အလေးပေး ထောက်ပြထားပြီး ကျောင်းများအနေဖြင့် စာရင်းသွင်း လက်ခံချိန်တွင် ကျောင်းသားများ၏ ရွှေ့ပြောင်းအခြေချမှုဆိုင်ရာ အချက်အလက်များကို ထုတ်ဖော်လာစေနိုင်သည့် လူမှုဖူလုံရေးနံပါတ် (SSN) ကဲ့သို့သော မေးခွန်းများ မေးမြန်းခြင်း မပြုရန် မှာထားပါသည်။[3] မြို့နယ် ကျောင်းများအနေဖြင့် ပြည်နယ် နှင့်/သို့မဟုတ်

---

[1] ပညာရေးဥပဒေ §§ ၃၂၀၂ (၁), ၃၂၀၅ ကိုကြည့်ပါ။

[2] *Plyler v. Doe,* 457 U.S. 202 (1982); *Appeal of Plata*, 40 Ed. Dep’t Rep. 552, Decision No. 14,555 ကိုကြည့်ပါ။

[3] Cosimo Tangorra, Jr., “*Dear Colleague” Letter*, နယူးယောက် ပြည်နယ် ပညာရေးဌာန (စက်တင်ဘာ ၁၀, ၂၀၁၄) ကိုကြည့်ပါ http://www.p12.nysed.gov/sss/documents/EducationalServicesforRecentlyArrivedUnaccompaniedChildren.pdf။

ပြည်ထောင်စု ဥပဒေများနှင့်အညီ ကျောင်းသား၏ အချက်အလက်များကို ရယူရန် လိုအပ်ပါက၊ ကျောင်းသား၏ ပြည်ဝင်နေထိုင်ခွင့် ဆိုင်ရာ အချက်များကို မူတည်၍ ကျောင်းဝင်ခွင့် ပေးရေးကို ဆုံးဖြတ်သည်ဟု မထင်မြင်သွားစေရန် အလို့ငှာ ကျောင်းဝင်ခွင့်ရပြီးမှ ယင်းအချက်အလက်များကို ရယူမေးမြန်းရန် အကြံပြုအပ်ပါသည်။[4]

လတ်တလောတွင် အမေရိကန်ပြည်ထောင်စု လူဝင်မှုကြီးကြပ်ရေးနှင့် အကောက်ခွန်ဌာန ("ICE") သည် မြို့နယ်ကျောင်းများရှိ ကျောင်းသားများနှင့် တွေ့ဆုံခွင့်၊ မေးမြန်းခွင့် ပြုရန် သို့မဟုတ် ကျောင်းသားမှတ်တမ်းများကို ရယူခွင့် ပေးရန် အပါအဝင် စုံစမ်းမေးမြန်းမှုများ ပြုလုပ်လာနိုင်သည့် အခြေအနေနှင့် စပ်လျှင်း၍ စိုးရိမ်မှုများဆိုင်ရာ မေးခွန်းများကို အေဂျင်စီများထံ မေးလာမှုများ ရှိနေပါသည်။ အားလုံးသိရှိကြသလို၊ နယူးယောက် မိသားစုတရားရေး အက်ဥပဒေ ("NYFCA") နှင့် ပြည်ထောင်စု မိသားစု ပညာရေး ရပိုင်ခွင့်များနှင့် ကိုယ်ရေးကိုယ်တာဆိုင်ရာ အက်ဥပဒေ ("FERPA") အပါအဝင် အခြားသော ဥပဒေများကို ရုပ်လုံးဖေါ်ရင်း မြို့နယ်ကျောင်းများတွင် ကျောင်းသားများအား မေးမြန်းခြင်း၊ ကျောင်းသားမှတ်တမ်းများ၏ လျှို့ဝှက်လုံခြုံအောင် ထိန်းသိမ်းရန် တာဝန်ရှိပါသည်။ ယင်းတာဝန်များကို ဖောက်ဖျက်ခဲ့လျှင်၊ ပြည်ထောင်စု လူဝင်မှုကြီးကြပ်ရေး အရာရှိများမှ တောင်းဆိုမှုကို ဖြည့်ဆည်းပေးမှု ဖြစ်သည့်တိုင်အောင်၊ မြို့နယ် ကျောင်းအနေဖြင့် ပြစ်ဒဏ်သင့်နိုင်ပါသည်။ ထို့ကြောင့် ယင်းကဲ့သို့ ပြည်ထောင်စု လူဝင်မှုကြီးကြပ်ရေး အရာရှိများမှ တောင်းဆိုလာလျှင်၊ ကျောင်း၏ အထက်အရာရှိနှင့် ကျောင်းရှေ့နေများနှင့် ဦးစွာ ဆွေးနွေးရန် မိမိတို့ အေဂျင်စီများက မြို့နယ် ကျောင်း ဝန်ထမ်းများအား အကြံပြုလိုပါသည်။ ယင်းတောင်းဆိုချက်များကို လိုက်လျောမပေးမီ ယင်း တောင်းဆိုချက်ကို လိုက်လျောပေးခြင်းဖြင့် မြို့နယ် ကျောင်းသည် အများပြည်သူဆိုင်ရာ ဥပဒေများကို ဖောက်ဖျက်မိခြင်း ရှိမရှိကို မြို့နယ် ကျောင်း ဝန်ထမ်းများအား ကျောင်းအထက်အရာရှိနှင့် ကျောင်းရှေ့နေများနှင့် ဦးစွာတိုင်ပင်ရန် အကြံပြုလိုပါသည်။

*ကျောင်းသားများနှင့် တွေ့ဆုံရန် သို့မဟုတ် တွေ့ဆုံမေးမြန်းရန် တောင်းဆိုချက်များ။* **တရားဥပဒေစိုးမိုးရေး အရာရှိများသည်** အထူး ကန့်သတ်ထားသည့် အခြေအနေများမှလွဲ၍ (ဥပမာ၊ ကျောင်းပရဝုဏ်အတွင်း ရာဇဝတ်မှု ဖြစ်ခဲ့လျှင် သို့မဟုတ် တရားဥပဒေစိုးမိုးရေး အရာရှိများတွင် ဖမ်းဝရန်းရှိပါက) **ကျောင်းသား မိဘများ သို့မဟုတ် မိဘသဖွယ် ဆွေမျိုးတော်စပ်သူ၏ ခွင့်ပြုချက်မပါဘဲ ကျောင်းသားတစ်ဦးကို ကျောင်းဝင်းအတွင်းမှ ထုတ်ပယ်ခွင့် သို့မဟုတ် စစ်ဆေးမေးမြန်းခွင့် မရှိစေရကို SED မှ တောက်လျှောက် ရပ်တည်လာခဲ့ပါသည်။**[5] ကျောင်း အရာရှိများအား ဥပဒေများ နှင့် ကျောင်းမူဝါဒများ၏ ဘောင် အတွင်းမှာ ဥပဒေအရာရှိများနှင့် ပူးပေါင်း ဆောင်ရွက်ကြရန် အကြံပြုအပ်ပါသည်။ အကယ်၍ ICE သို့မဟုတ် ပြည်ထောင်စု လူဝင်မှု ကြီးကြပ်ရေး အရာရှိများ ကျောင်းကို ရောက်ရှိလာပြီး ကျောင်းသားများနှင့် တွေ့ဆုံရန် (အင်တာဗျူး လုပ်ရန် နှင့်/သို့မဟုတ် မေးမြန်းရန်) တောင်းဆိုလာပါက မြို့နယ် ကျောင်းများသည် ခွင့်မပြုမီ ယင်းတို့၏ အထက်အရာရှိနှင့် ပြည်နယ်ကျောင်း ရှေ့နေကို ချက်ချင်းဆက်သွယ်လျက်၊ အထူးသဖြင့် ပညာရေးဥပဒေ၊ *Plyler* နှင့် NYFCA လာ မိမိတို့၏ တာဝန်များဆိုင်ရာ၊ လမ်းညွှန်ချက်များကို ရယူရမည်။

*ကျောင်းသား၏ ပညာရေး မှတ်တမ်းများကို ကြည့်ရှုရန် တောင်းဆိုချက်များ။* အထက်ပါအတိုင်း၊ လူဝင်မှုကြီးကြပ်ရေး အရာရှိများမှ ကျောင်းသား၏ ပညာရေး မှတ်တမ်းများကို ကြည့်ရှုရန် တောင်းဆိုလာပါက ပြည်နယ် ကျောင်းများသည် ကျောင်းရှေ့နေများကို ချက်ချင်းဆက်သွယ်ရမည်၊ အဘယ်ကြောင့်ဆိုသော် ဖွင့်ထုတ်ပြပေးလျက် ယင်းတောင်းဆိုချက်ကို

---

[4] လူမှုဖူလုံရေး လက်မှတ်နှင့် စပ်လျဉ်း၍ SED သည် ကျောင်းသားများထံမှ ကျောင်းမအပ်မီ သို့မဟုတ် ကျောင်းအပ်ပြီး နောက်မှာ၊ မည်သည့် အချိန်မှာမှ မြို့နယ် ကျောင်းများ အနေနှင့် ကျောင်းသားများ၏ လူမှုဖူလုံရေး ကဒ်များ သို့မဟုတ် နံပါတ်များကို ရယူရန် တောင်းဆိုခြင်း မရှိပါ။

[5] N.Y.S.E.D. အတိုင်ပင်ခံ အကြံပေးချက် 91 (ဇွန် ၁၇၊ ၁၉၅၉) ("ကလေး၏ မိဘများထံမှ မေးမြန်းရန် ခွင့်ပြုချက်မရှိပဲ ကလေးတစ်ဦးကို အရာရှိများသည် ကျောင်းပြင်ပသို့ ထုတ်ခွင့်မရှိစေရ")၊ N.Y.S.E.D. အတိုင်ပင်ခံ အကြံပေးချက် ၁၄၈ (ဖေဖော်ဝါရီ ၂၃၊ ၁၉၆၅) ("ကျောင်းထံမှာ၊ အထူးသဖြင့်၊ ကျောင်းသားများအား တွေ့ဆုံမေးမြန်းရန် သို့မဟုတ် ကျောင်းဝင်းထဲမှနေ၍ ထုတ်ခေါ်သွားရန် ရည်ရွယ်ချက်အတွက် ဥပဒေစိုးမိုးရေးအရာရှိများ သို့မဟုတ် အခြားပုဂ္ဂိုလ်များအား ခွင့်ပြုခွင့် အာဏာများ မရှိပါ။") ယင်းကို *inter alia*, NYFCA, အပါအဝင် ရဲအရာရှိ အနေဖြင့် အသက် ၁၆ နှစ်အောက် ကလေးအား ဖမ်းချုပ်ရန် လိုအပ်လာလျှင်၊ ကလေးမိဘများ သို့မဟုတ် အုပ်ထိန်းသူများထံ ဆက်သွယ်ရန် အတတ်နိုင်ဆုံး အမြန်ဆုံး အားထုတ်ရမည်ဟု ဖေါ်ပြထားသည့် များပြားသည့် ဥပဒေများကို အခြေခံထားပြီး၊ ၎င်း၏ မိဘ သို့မဟုတ် အုပ်ထိန်းသူ ရှိနေသည်ဆိုလျှင်၊ ကလေး၏ ရပိုင်ခွင့်များကို အသိပေးထားကာ တွေ့ဆုံပွဲသို့ တက်ရောက်မည့် ဥပဒေ အကျိုးဆောင်ကို ကမ်းလှမ်းထားခြင်းမရှိမချင်း၊ ကလေးအား တွေ့ဆုံမေးမြန်း မရနိုင်ကြောင်း ပြဌာန်းထားပါသေးသည်။ N.Y. မိသားစုတရားရုံး အက်ဥပဒေ § ၃၀၅.၂; Matter of Jimmy D., 15 N.Y.3d 417 (2010)။

လိုက်လျောပေးမှုက FERPA ကို ဖောက်ဖျက်ရာ ကျနိုင်ပါသည်။[6] FERPA သည် ပြည်ထောင်စုအစိုးရ၏ ထောက်ပံ့ငွေကို လက်ခံနေသည့် ကျောင်းများအား မိဘ သို့မဟုတ် အရည်အချင်း ပြည့်မီသည့် ကျောင်းသား၏ ခွင့်ပြုချက်မပါဘဲ မည်သူမည်ဝါမှန်း သိစေနိုင်သည့် အချက်အလက်များ ("PII") ကို ဖွင့်ထုတ်ပေးခြင်းကို တားမြစ်ထားပါသည်။ FERPA သည် ဥပဒေဆိုင်ရာ လုပ်ထုံးများထဲတွင် ပြဋ္ဌာန်းထားသည့် အချို့သော ကန့်သတ် အခြေအနေများနှင့် ကိုက်ညီမှသာ ထုတ်ဖော်ပြသခွင့် ပြုပါသည်။ ယင်းကန့်သတ် အခြေအနေများထဲတွင် အထူးဖော်ပြပေးထားသည့် ပြည်ထောင်စုအစိုးရမှ တာဝန်ရှိသူများထံမှ တောင်းဆိုချက်များလည်း ပါဝင်ပါသည်။[7] **မည်သို့ပင်ဖြစ်စေ၊ ICE သို့မဟုတ် ပြည်ထောင်စု လူဝင်မှုကြီးကြပ်ရေး အရာရှိများ၏ တောင်းဆိုချက်မှာ မိဘများ သို့မဟုတ် ကျောင်းသားမှ အခြားသော သူများအား ထုတ်ဖော်ပြသရေးကို သဘောတူခွင့်ပြုပေးရမည် ဖြစ်သော FERPA ၏ အထွေထွေ စည်းမျဉ်းများဆိုင်ရာ ခြွင်းချက်များနှင့် ကိုက်ညီပုံ မရပါ။**[8]

လတ်တလော ရက်သတ္တပတ်များ အတွင်းမှာ နိုင်ငံအနှံ့ရှိ ကျောင်းများ၌ ကျောင်းသားများအား အရှက်တကွဲဖြစ်စေသည့် လုပ်ရပ်များ ရှိနေခြင်းကို ထည့်တွက်လျက် ကျောင်းသားအားလုံးအတွက် ဂုဏ်သိက္ခာ အက်ဥပဒေ ("DASA") နှင့်အညီ SED ၏ P-12 ပညာရေးမူဝါဒရုံးသည် လမ်းညွှန်ချက်များကို ကျောင်းများသို့ ထုတ်ပြန်ပေးနေပါသည်။ ယင်းလမ်းညွှန်ချက်ကို ဤနေရာတွင် ရယူနိုင်ပါသည်: http://www.p12.nysed.gov/dignityact/documents/dasa-guidance.pdf.

ပြည်ထောင်စုအစိုးရမှ ရွှေ့ပြောင်းအခြေချသူများနှင့် စပ်လျဉ်း၍ ဆောင်ရွက်နေမှုများအပေါ် မေးခွန်း အမျိုးမျိုး မေးမြန်းနေကြသည့် ယခုကဲ့သို့ အချိန်ကာလတွင် ကျွန်ုပ်တို့ကဲ့သို့ ပညာရေးအရာရှိများ နှင့် အစိုးရ ဝန်ထမ်းများ အနေဖြင့် မိမိတို့၏ ကျောင်းဆိုင်ရာ ရပ်ကွက်ပြည်သူများအား အားလုံး ပါဝင်ဆောင်ရွက်ကြရန် နှင့် ကျောင်းသားအားလုံး အနေနှင့် မိမိတို့၏ ပညာဆည်းပူးခွင့်ကို ကျောင်းမှာ ကြောက်ရွံ့ရန် မလိုအပ်ဘဲ ရယူရန် အရေးပါပုံကို သတိပေးရန် လိုပါသည်။ ကျွန်ုပ်တို့၏ စာသင်ခန်းများသည် ကလေးများ အားလုံးအတွက် လုံခြုံစိတ်ချရသည့် ရိပ်မြုံအဖြစ် ဆက်လက်တည်ရှိနေရပါမည်။ ကျွန်ုပ်တို့၏ ကျောင်းသားများ၊ မိသားစုများနှင့် ရပ်ကွက်ပြည်သူများအား အားပေးထောက်ခံရန် ဆောင်ရွက်ပေးသည်များအတွက် အားလုံးကို ထပ်လောင်း ကျေးဇူးတင်လိုပါသည်။

လေးစားစွာဖြင့်၊

MaryEllen Elia
ပညာရေး ကော်မရှင်နာ

Eric T. Schneiderman
တရားရေး အရာရှိ

---

[6] 20 U.S.C. § 1232g ကို ကြည့်ပါ။

[7] ၃၄ C.F.R. §၉၉.၃၁(က)(၃) အရ၊ ၃၄ C.F.R. §၉၉.၃၅ ၏ တောင်းဆိုချက်များ နှင့်အညီ အမေရိကန်ပြည်ထောင်စု ဘဏ္ဍာရေးအရာရှိ၊ တရားရေးအရာရှိ၊ အမေရိကန်ပြည်ထောင်စု ပညာရေးဌာန အတွင်းရေးမှူး သို့မဟုတ် ပြည်နယ်နှင့် ဒေသခံ ပညာရေးအာဏာပိုင်များမှ မေးမြန်းလာပါက ယင်းတို့ကို ဖွင့်ထုတ် ပြပေးရမည်။

[8] 34 C.F.R. § 99.31 ကို ကြည့်ပါ။